

ဝရုပ်သားဝတ္ထုရဲ့ ယုံကြည်ကိုးကွယ်မှု



ရဲရဲနီနေတဲ့ မဏ္ဍပ်အတွင်းမှာ အနီရောင် ခေါင်းပေါင်းစတလူလူနဲ့ အင်္ကျီအဖြူ။ လုံချည်အနီရောင် နတ်ဝတ်နတ်စားတွေ ဝတ်ဆင်ထားတဲ့ လူငယ်တစ်ဦးက လက်တစ်ဖက်မှာ သန့်လျက်ကိုင်ထားပြီး တစ်ဖက်မှာ တော့ အဓိမ်းရောင်အရက်ပုလင်းကို ကိုင်ထားပါတယ်။ နတ်ဒိုးသံနဲ့အတူ သူ့ခန္ဓာကိုယ်က ရှေ့နောက်ယိမ်းထိုးကာ စီးချက်ကျကျ ကခုန်နေပါတယ်။

သူ့နောက်မှာတော့ အနီရောင်ပိတ်စခင်းထားတဲ့ စင်မြင့်ရှည်တစ်ခုရှိပြီး စင်ပေါ်မှာ ခေါင်းပေါင်းအနီနဲ့ အဖိုးအိုတစ်ဦးရုပ်တု၊ နံကရိုင်းမယ်တော်အပါအဝင် နတ်ရုပ်တု (၁၀) ခုထက်မနည်းကို တွေ့ရပါတယ်။ နတ်ရုပ်တွေရှေ့မှာတော့ အုန်းပွဲ၊ ငှက်ပျောပွဲ၊ နတ်ယပ်တောင်အနီတွေနဲ့ သာသနာ့အလံတွေကို ခင်းကျင်းပူဇော်ထားပါတယ်။ ဒါဟာ အင်းပိုင်အဘိုးနတ်ကို ပင့်မြှောက်ဖို့ နတ်ချေနေတဲ့ နတ်ပူဇော်ပွဲတစ်ခုပါ။

အင်းပိုင်အဘိုးနတ်ကို တော်သလင်းလဆန်း ၁ ရက်နေ့မှာ အင်းလုပ်ငန်းတွေ စတင်တဲ့အချိန်တိုင်း ပူဇော်ပသလေ့ရှိပြီး အထူးသဖြင့် ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းက ရေလုပ်သားတွေအကြား ဒီလိုရိုးရာ ယုံကြည်မှုတွေကို ယနေ့တိုင် တွေ့ရပါတယ်။

ငါးဖမ်းပြီး အသက်မွေးဝမ်းကျောင်းပြုကြတဲ့ ရေလုပ်သားတွေအတွက် ရေပြင်ကျယ်ကြီးဟာ အလုပ်လုပ်ရာ နေရာတစ်ခုတည်း မဟုတ်ပါဘူး။ နေ့စဉ်စားဝတ်နေရေးကို မှီခိုအားထားရတဲ့ နေရာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ရေပြင်ထဲ အလုပ်လုပ်တဲ့အခါ ဘေးအန္တရာယ်ကင်းဖို့၊ ငါး၊ ပုစွန်တွေ ပိုမိုရရှိဖို့အတွက် ရိုးရာယုံကြည်မှုတွေနဲ့ ဓလေ့ထုံးတမ်းတွေကိုပါ တွဲဖက်ကျင့်သုံးလာကြတာ ဖြစ်ပါတယ်။



အင်းပိုင်အဘိုးနတ်ရဲ့ ရာဇဝင်

အင်းပိုင်အဘိုးနတ်ဟာ မြန်မာ့မိရိုးဖလာ နတ်ကိုးကွယ်မှုထဲမှာ တွေ့ရတဲ့ နတ်တစ်ပါးဖြစ်ပါတယ်။ အဘိုးရဲ့ မွေးဖွားခဲ့တဲ့ ခုနှစ်သက္ကရာဇ်နဲ့ ဇာတိမြို့ရွာကိုတော့ အတိအကျ မသိရပါဘူး။ ရိုးရာယုံကြည်မှုတွေအရ အဘိုးဟာ တံငါနဲ့ မုဆိုးအလုပ်လုပ်ကိုင်ပြီး အသက်မွေးခဲ့သူလို့ ဆိုကြပါတယ်။

လူမျိုးနဲ့ပတ်သက်ပြီးတော့ မွန်လူမျိုးဖြစ်တယ်လို့ ပြောဆိုကြသူတွေရှိသလို ဗမာကရင်လူမျိုးဖြစ်ပြီး “အပိုး” လို့ ခေါ်ကြတယ်လို့ ဆိုသူတွေလည်း ရှိပါတယ်။

အဘိုးဟာ နတ်ဘဝမရောက်ခင် လူ့ဘဝမှာ ရှိခဲ့ကတည်းက ရပ်ရွာတွေရဲ့ နတ်ကန္တားပေးပွဲတွေမှာ မပါမဖြစ် တစ်ပွဲတင်ဆက်ပသရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့တယ်လို့ ယုံကြည်ကြပါတယ်။ ဒါကြောင့် “တစ်ပွဲစားကြီး” လို့လည်း ခေါ်ကြပါတယ်။





အဘိုးနဲ့ပတ်သက်တဲ့ ရိုးရာဇာတ်ကြောင်းတစ်ခုအရ တစ်နေ့မှာ အဘိုးဟာ နောက်ပါသူတွေနဲ့ အတူ တောထဲကို အမဲပစ်ထွက်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ လူအများရှေ့မှာပဲ ရုတ်တရက် ပျောက်ကွယ် သွားခဲ့ပြီး နောက်ပိုင်းမှာ နတ်ဘဝကို ရောက်ရှိသွားတယ်လို့ ဆိုကြပါတယ်။

ပင်လယ်နဲ့ ရေပြင်ဒေသတွေမှာ အထူးထင်ရှားတဲ့ နတ်တစ်ပါးအဖြစ် ယုံကြည်ကိုးကွယ်ကြတာကြောင့် ရေကြောင်းခရီးသွားသူတွေကလည်း အဘိုးကို ရိုရိုသေသေ ပင့်မြှောက်ပူဇော်ကြပါတယ်။ ရေငန်ပိုင် ဦးရှင်ကြီးကို တင်မြှောက်တဲ့အခါမှာလည်း အဘိုးအတွက် အောင်ပွဲတစ်ပွဲ အဖြစ်ထည့်သွင်း ပူဇော်ကြတယ်လို့ သိရပါတယ်။

အဘိုးနဲ့ပတ်သက်ပြီး ဓိတ်ဝင်စားစရာကောင်းတဲ့ ယုံကြည်မှုတစ်ခုကတော့ အဘိုးဟာနားလေးတယ် ဆိုတဲ့ အယူအဆပါ။

ဒါကြောင့် အဘိုးကို ပင့်မြှောက်တဲ့အခါ “အဘိုး၊ အဘိုး၊ အဘိုး” လို့ သုံးကြိမ်တိုင်တိုင် အသံကျယ်ကျယ်နဲ့ ခေါ်ပြီးမှ ပင့်မြှောက်ကြရတယ်လို့ ဆိုကြပါတယ်။

“ဒီဘက်ကတော့ အင်းပိုင်အဘိုးပေါ့။ မြှောက်လို့ရှိရင်တော့ နှည်းနှည်းအော်ပြောရတယ်။ ရေလည်းငုပ်တော့ နားသိပ်မကြားဘူးပေါ့။ တော်တော်လေးတော့ အော်ပြီးတော့ မြှောက်ရတယ်” လို့ ဇရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ တလုတ္ထော်မြို့နယ်က အင်းသားကြီးတစ်ဦးဖြစ်တဲ့ ဦးကျော်ကျော် (အမည်လွှဲ) က ပြောပါတယ်။





ငွေနဲ့ငါးအထွက်နှုန်းကို ရွှံ့မြေပေါ်မှာရေးသားပူဇော်

အင်းလုပ်ငန်းစတင်တော့မယ်ဆိုရင် ရေလုပ်သားတွေကြားမှာ ကိုယ်ယုံကြည်ကိုးကွယ်တဲ့ အင်းပိုင်အဘိုးကို ပင့်မြှောက်ပူဇော်တာကလည်း မဖြစ်မနေ လုပ်ရတဲ့ ရိုးရာဓလေ့တစ်ခုလို ဖြစ်နေပါတယ်။

အင်းပိုင်အဘိုးအတွက် ပိတ်ဖြူ၊ ပိတ်နီတွေနဲ့ ယာယီတဲလေးတစ်လုံးထိုးပြီး အင်းထဲက ရွှံ့မြေကို ရွေတုံး ပုံစံမျိုး အတုံးလုပ်ကာ တင်ထားကြပါတယ်။

အဲဒီမြေတုံးပေါ်မှာတော့ အဲဒီနှစ်အတွက် မျှော်မှန်းထားတဲ့ ငွေပမာဏနဲ့ ငါးရရှိမယ့် ပမာဏတွေကို ရေးသားကြပါတယ်။

“ဒီနှစ်မှာ ဒီလောက်ငွေရပါစေ၊ ငါးပိဿာချိန် ဒီလောက်အထိ ရပါစေဆိုတဲ့ မျှော်လင့်ချက်တွေကို ရွှံ့မြေတုံးပေါ်မှာ ရေးသားပြီး ပူဇော်ကြတယ်။ အရင်ကတော့ သောင်းဂဏန်းလောက်ပဲ ရေးကြတယ်၊ အခုတော့ ကိုးဂဏန်းတွေအများကြီး ရေးရတာပေါ့” လို့ ဦးကျော်ကျော်က ပြောပါတယ်။

အင်းလုပ်ငန်းခတင်တဲ့ရက်နဲ့ပတ်သက်ပြီးလည်း

ဒေသအလိုက် သတ်မှတ်ထားတဲ့ ရက်တွေ ရှိပါတယ်။ ဧရာဝတီတိုင်းဘက်မှာတော့ လဆန်း ၅ ရက်၊ ၁၀ ရက်၊ ၁၅ ရက်၊ လပြည့်နဲ့ လကွယ်နေ့တွေမှာ ရေလုပ်ငန်း ခတင်လေ့ရှိပြီး ကြားရက်တွေမှာ ခတင်လုပ်ကိုင်တာ ရှားတယ်လို့ သိရပါတယ်။

လျှာဆည်နဲ့ ငါးဖမ်းတဲ့နေရာတွေမှာလည်း အင်းပိုင်အဘိုးအတွက် အုန်းသီး၊ ငှက်ပျောသီး၊ အရက်ပုလင်း၊ ပိတ်ဖြူ၊ ပိတ်နီတို့ကို လျှာမှာ ချိတ်ဆွဲပူဇော်ကြပါတယ်။

ငှက်ပျောသီးနှစ်ဖီးနဲ့ အုန်းသီးတစ်လုံးကို အညှာနဲ့တကွ ချိတ်ဆွဲထားပြီး အုန်းသီး မပျက်မချင်း ပြန်လဲ ခရာမလိုပေမယ့် ငှက်ပျောသီးကတော့ မှည့်သွားရင် အသစ်ပြန်လဲပေးရပါတယ်။





အင်းထဲမှာ ငါးစဖမ်းတဲ့အချိန် ငါးကြီးရလာရင်လည်း ပထမဆုံးရတဲ့ ငါးကြီးကို ချက်ချင်းမစားဘဲ အစောဆုံးအနေနဲ့ ပူဇော်တင်မြှောက်ကြပါတယ်။

"လျှာဆည်ထဲမှာ ပထမဆုံး ငါးအကောင်ကြီး ကျလာရင် ငါးအကောင်လိုက်ကင်ပြီး မြှောက်ကြတယ်။ အဲလိုမမြှောက်ရင်လည်း ငါးတစ်ကောင်စာ ခေါင်း၊ အမြီး၊ အလယ်ပိုင်းကို ဆီမပါဘဲနဲ့ ချဉ်ပေါင်ရွက်၊ ငရုတ်သီးစိမ်းနဲ့ ချက်တဲ့ တံငါချက်ဟင်းနဲ့ မြှောက်လို့ရတယ်" လို့ ရေလုပ်သားတစ်ဦးဖြစ်တဲ့ ကိုမောင်မောင် (အမည်လွှဲ) က ရှင်းပြပါတယ်။

ပူဇော်ပြီးတဲ့နောက် ငှက်ပျောသီးတွေကို အသစ်ပြန်လဲပေးကြသလို ပူဇော်ထားတဲ့ ငှက်ပျောသီးတွေကိုလည်း ရေလုပ်သားတွေကိုယ်တိုင် ပြန်စားကြပါတယ်။

လျှောဆည်မှာ ချေးကောင်းရတဲ့ ရောင်းတန်းဝင်ငါးတွေ ကျလာတဲ့ရက်တွေမှာတော့ လျှောဆည်ပေါ်က ပွဲနဲ့ ကုန်းပေါ်မှာ ပူဇော်ထားတဲ့ အပေါ်ပွဲ၊ အောက်ပွဲတွေကို တစ်ပြိုင်နက်တည်း ပြန်လဲပူဇော်ကြပါတယ်။

ဒီလိုပူဇော်မှုကိုလည်း အင်းလုပ်ငန်းခတင်တဲ့ နှစ်တိုင်း လုပ်ကြပြီး မတင်၊ မပူဇော်ဘဲ ကျော်သွားတဲ့နှစ် မရှိသလောက်ပါပဲ။

မတူညီတဲ့ ယုံကြည်မှုများ

အင်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့ နတ်ကိုးကွယ်မှုတွေမှာ အင်းတစ်ခုနဲ့တစ်ခု ပူဇော်ပုံတွေ မတူကြပါဘူး။ တချို့အင်းတွေမှာ မဖဝါကို ပင့်မြှောက်တဲ့အခါ ငှားရမ်းထားတဲ့ အမျိုးသမီးတစ်ဦးကို သနပ်ခါးလိမ်းခြယ်ပေးပြီး လှေဦးမှာထိုင်စေကာ အင်းကိုပတ် ပူဇော်ရတယ်လို့ ဆိုကြပါတယ်။





တချို့အင်းတွေမှာတော့ ကရင်ဖိုးဖိုးကြီးနတ်၊ အင်းထဲမှာရှိတဲ့ သစ်ပင်ကြီးတွေမှာနေထိုင်တဲ့ ရက္ခစိုးနတ်စတဲ့ အင်းနဲ့ဆက်စပ်တဲ့ နတ်တွေကို ယုံကြည်ကိုးကွယ်ကြပြီး သုံးနှစ်တစ်ကြိမ် ဝက်လွတ်ပူဇော်တဲ့ ဓလေ့ရှိတဲ့ အင်းတချို့လည်း ရှိပါတယ်။

ဝက်လွတ်ပူဇော်တဲ့အခါ အင်းသားကြီးဘက်က ဝက်တစ်ကောင်ဝယ်ပေးပြီး ရေလုပ်သားတွေအရှေ့မှာ လွှတ်ပေးကြပါတယ်။ အဲဒီဝက်ကို ရွာသားတွေက ပြန်ဖမ်းယူပြီး မွေးမြူကြတာလည်း ရှိပါတယ်။

နတ်ပူဇော်တာက အင်းစတင်ချိန်မှာ မဖြစ်မနေပူဇော်ပသကြသလို လုပ်ငန်းအဆင်မပြေတဲ့ အခါ အရင်ကလို ငါးမရတော့တဲ့အခါတွေမှာလည်း အင်းသားကြီးနဲ့ ရေလုပ်သားတွေက နတ်ကို ပြန်လည် ပင့်မြှောက်ပြီး တောင်းပန်ပူဇော်ကြတာတွေလည်း ရှိပါတယ်။

“တစ်ခုခုများ မှားလုပ်မိလို့လားဆိုတဲ့ စိတ်နဲ့ပေါ့။ ငါးအရနည်းလာရင်၊ ရေလုပ်သားတွေ တစ်ခုခု ထိခိုက်မိတာမျိုးရှိလာရင် ပူဇော်ရမယ့်အရာတွေ မပူဇော်မိတာ၊ ရိုးရာဓလေ့တစ်ခုခုကို ချိုးဖောက်မိတာမျိုးရှိမရှိ ပြန်စဉ်းစားပြီး နတ်ကို ပြန်ပင့်မြှောက်ကာ တောင်းပန်ကြတယ်” လို့ ရေလုပ်သားတစ်ဦးက ရှင်းပြပါတယ်။

တချို့ရေလုပ်သားတွေကတော့ အဲဒီလို ပူဇော်တောင်းပန်ပြီးတဲ့နောက် ငါးတွေ ပြန်ရလာတယ်လို့ ယုံကြည်ကြပါတယ်။

ခေတ်တွေ ဘယ်လောက်ပဲပြောင်းပြောင်း ရေလုပ်ငန်းနဲ့အတူ ကြီးပြင်းလာတဲ့ ရေလုပ်သားတချို့ကတော့ ဒီလိုရိုးရာယုံကြည်မှုတွေကို စွန့်လွှတ်နိုင်ခြင်း မရှိသေးပါဘူး။





အင်းဆောင့်နတ်နဲ့ မမြင်ရတဲ့ ခည်းကမ်းများ

အင်းတစ်အင်းချင်းစီမှာ ကိုယ်ပိုင်အင်းဆောင့်နတ်တွေ ရှိတယ်လို့ ဒေသခံတွေအကြား ယုံကြည်မှုတွေ ရှိနေပါတယ်။ တချို့က အင်းဆောင့်နတ်တွေကို ယက္ခနတ်တွေ၊ ဘိုးဘိုးကြီးတွေအဖြစ် သတ်မှတ် ယုံကြည်ကြပြီး အင်းနယ်နိမိတ်အတွင်း ဝင်ရောက် လုပ်ကိုင်သူတွေအနေနဲ့လည်း အဲဒီအင်းနဲ့သက်ဆိုင်တဲ့ ရိုးရာ ခည်းကမ်းတွေကို လိုက်နာကြရပါတယ်။

အဲဒီခည်းကမ်းတွေထဲမှာ အဓားအသောက်နဲ့ ပတ်သက်တဲ့ တားမြစ်ချက်တွေကလည်း အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

အင်းတစ်အင်းနဲ့တစ်အင်း ယုံကြည်မှုနဲ့ ထုံးတမ်းစဉ်လာမတူတာကြောင့် တားမြစ်ထားတဲ့ အသား အမျိုးအစားတွေလည်း ကွဲပြားပါတယ်။ တချို့အင်းတွေမှာ ဝက်သားကို မယူဆောင်ရ၊ မစားရဘူးလို့ သတ်မှတ်ထားသလို တချို့အင်းတွေမှာ အမဲသားစားသုံးတာကို တားမြစ်ထားတာတွေ ရှိပါတယ်။

အရောင်နဲ့ ပတ်သက်တဲ့ ကန့်သတ်ချက်တွေလည်း အင်းတချို့မှာ ရှိကြပါတယ်။ ဥပမာ ဇရာဝတီတိုင်း၊ ဇလွန်မြို့နယ်က ငြိမ်းအေးအင်းမှာဆိုရင် ရေလုပ်သားတွေဟာ အနက်ရောင်အဝတ်အစားဝတ်ဆင်တာကို ရှောင်ကြပါတယ်။

အနက်ရောင်ဝတ်ဆင်ပြီး အင်းထဲဆင်းရင် ငါးအရနည်းတာ၊ ထိခိုက်ဒဏ်ရာရတာတွေ ဖြစ်တတ်တယ်လို့ ယုံကြည်ကြတာကြောင့် အနက်ရောင် အဝတ်အစားကို မဝတ်ဘဲ ဆင်ခြင်ကြတာလို့ ဒေသခံရေလုပ်သား တွေက ပြောပါတယ်။ အဲဒီစည်းကမ်းကို ဖောက်ဖျက်မိရင် အင်းဆောင့်နတ် စိတ်ဆိုးပြီး ငါးအထွက် နည်းလာတာ၊ ငါးမရတော့တာ ဒါမှမဟုတ် ဗျားနာမှုတွေ ကြုံရနိုင်တယ်လို့ ဒေသခံတွေက ယုံကြည်ကြပါတယ်။





အဓားအသောက်အပြင် အင်းထဲမှာ ပြောဆို နေထိုင်ပုံကိုလည်း ဆင်ခြင်ကြရပါတယ်။ ဥပမာ ငါးဖယ်ငါးကို ငါးလာ လို့ခေါ်ရသလို ရိုင်းစိုင်းတဲ့ စကားတွေ ပြောဆိုတာ၊ ဆူညံအော်ဟစ်တာနဲ့ အင်းနယ်မြေအတွင်း အညစ်အကြေးတွေကို စည်းကမ်းမဲ့ခွန့်ပစ်တာတွေကို ရှောင်ကြဉ်ကြပါတယ်။

ဒီလိုတားမြစ်ချက်တွေနဲ့ ရိုးရာစည်းကမ်းတွေဟာ အင်းဆောင့်နတ်ကို ရိုသေလေးစားမှုအပေါ် အခြေခံထားတဲ့ ယုံကြည်မှုတွေဖြစ်သလို အင်းလုပ်ငန်းခွင်အတွင်း စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ဖို့အတွက် မျိုးဆက်အလိုက် လက်ဆင့်ကမ်းလာတဲ့ ရိုးရာဓလေ့တစ်ခုလည်း ဖြစ်ပါတယ်။

အမျိုးသမီး မဝင်ရ

နေရာဒေသပေါ်မူတည်ပြီး နှတ်ပူဇော်ပသတဲ့ ဓလေ့တွေနဲ့ လုပ်ပုံလုပ်နည်းတွေ ကွာခြားကြပေမယ့် ရေလုပ်ငန်းနဲ့ပတ်သက်ရင် အမျိုးသမီးတွေအပေါ် တားမြစ်ထားတဲ့ ဓလေ့တွေကတော့ ဆင်တူနေတာကို တွေ့ရပါတယ်။

ရှေးရိုးရာယုံကြည်မှုတွေအရ အင်းလုပ်ငန်းခွင်ကို အမျိုးသားတွေအဓိက လုပ်ကိုင်တဲ့နေရာအဖြစ် သတ်မှတ်ထားကြပါတယ်။ အထူးသဖြင့် နှတ်ခင်ရှိတဲ့ လှေဦးနေရာနဲ့ လျှောဆည်ပေါ်လိုနေရာတွေကို အမျိုးသမီးတွေ မတက်ရဘူးလို့ ယုံကြည်ကြပါတယ်။ ဓမ္မတာလာနေတဲ့ အမျိုးသမီးတွေလည်း အင်းနဲ့ နှတ်ခင်ရှိရာနေရာတွေကို မလာရဘူးဆိုတဲ့ အယူအဆတွေ ရှိပါတယ်။





ရေလုပ်သားတစ်ဦးကတော့ လျှောဆည်ပေါ်မှာ အမျိုးသမီးတွေ တက်ခွင့်မရှိတဲ့အပြင် အမျိုးသားတွေ အတွက်တောင် ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ပြီး စည်းကမ်းတွေ ရှိတယ်လို့ ပြောပါတယ်။

"လျှောဆည်ပေါ်ကို မိန်းကလေး ဘယ်သူမှ တက်ခွင့်မရှိဘူး။ ဖိနပ်စီးခွင့်လည်း မရှိဘူး။ ကျွန်တော်တို့က ငါးတွေဘာတွေ ဆူးတာလည်းရှိတော့ တောင်းပန်ပြီး လည်ရှည်ဖိနပ် စီးခွင့်တောင်းထားတာ။ ဘောင်းဘီဝတ်တာတို့၊ ဖိနပ်စီးတာတို့လည်း ခွင့်တောင်းပြီးမှ လုပ်ရတာ။ မိန်းကလေးတွေတော့ လျှောပေါ် မတက်ဘူး" လို့ သူက ပြောပါတယ်။

ဒါပေမယ့် အင်းလုပ်ငန်းမှာ အမျိုးသမီးတွေ လုံးဝမပါဝင်ဘူးတော့ မဟုတ်ပါဘူး။ လျှောဆည်ပေါ်ကနေ ကျလာတဲ့ ငါးတွေကို အမျိုးအစားနဲ့ အကောင်အကြီး အသေးအလိုက် ခွဲခြားရွေးချယ်တာကို အမျိုးသမီးရေလုပ်သားတွေက အဓိကလုပ်ကိုင်ကြပါတယ်။ ဒါကြောင့် နှတ်ခင်ရှိတဲ့ လျှောနဲ့ ငါးရွေးချယ်တဲ့ခင်ကို တိုက်ရိုက်မထိစပ်အောင် တစ်ဆင့်ခြားပြီး သီးခြားတည်ဆောက်ထားကြတယ်လို့ ရေလုပ်သားတွေက ရှင်းပြပါတယ်။

လူနဲ့ နတ်လောကကြားက ယုံကြည်မှု



မြန်မာနိုင်ငံရဲ့ ရိုးရာနတ်ကိုးကွယ်မှုသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဒီဓလေ့ဟာ သမိုင်းမတင်မီကာလ ကတည်းက ရှိခဲ့တယ်လို့ ဆိုကြပါတယ်။ အဓောပိုင်းမှာ လူတွေဟာ သဘာဝပတ်ဝန်းကျင်ကို အလေး ထားပြီး သစ်ပင်၊ တောတောင်၊ မြစ်ချောင်းနဲ့ သဘာဝတရားကြီးမှာ အစွမ်းထက်တဲ့ ဝိညာဉ်တွေ ကိန်းအောင်းနေတယ်လို့ ယုံကြည်ခဲ့ကြပါတယ်။

အဲဒီလို သဘာဝတရားကို အလေးအမြတ် ထားရာကနေ တောဓောင့်နတ်၊ တောင်ဓောင့်နတ်၊ အိမ်ဓောင့်နတ်တွေအထိ ပူဇော်ကိုးကွယ်တဲ့ ဓလေ့တွေ ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။



နောက်ပိုင်းမှာတော့ နတ်ကိုးကွယ်မှုဟာ ဗုဒ္ဓဘာသာနဲ့ ရောယှက်လာခဲ့ပါတယ်။ ပုဂံခေတ်မှာ အနော်ရထာမင်းကြီးက ထေရဝါဒဗုဒ္ဓဘာသာကို အားပေးမြှင့်တင်ခဲ့ပေမယ့် ပြည်သူတွေအကြား အမြစ်တွယ်နေပြီးသား ရိုးရာနတ်ကိုးကွယ်မှုကိုတော့ လုံးဝပယ်ဖျက်နိုင်ခဲ့တာ မဟုတ်ပါဘူး။

ဒါကြောင့် ရိုးရာနတ်ကိုးကွယ်မှုကို ဗုဒ္ဓဘာသာနဲ့ သဟဇာတဖြစ်အောင် ပြန်လည်စီမံခဲ့ပြီး "၃၇ မင်းနတ်" ဆိုတဲ့ အယူအဆလည်း ပေါ်ပေါက်လာခဲ့ပါတယ်။ ဒီလိုနဲ့ နတ်ကိုးကွယ်မှုဟာ ဗုဒ္ဓဘာသာနဲ့ ဆန့်ကျင်ဘက်အဖြစ် မဟုတ်တော့ဘဲ သာသနာကို ဝန်းရံဓောင့်ရှောက်တဲ့ ယုံကြည်မှု တစ်ရပ်အဖြစ် ပုံစံပြောင်းလဲလာခဲ့ပါတယ်။

ပုဂံခေတ်လွန်ကာလတွေကနေ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တွေအထိ ရောက်လာတဲ့ အခါမှာ လည်း နတ်ကိုးကွယ်မှုဟာ ဗုဒ္ဓဘာသာနဲ့ ပိုမိုရောယှက်လာခဲ့ပါတယ်။ လောကုတ္တရာရေးရာအတွက် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသလို နေ့စဉ်ဘဝမှာ ကြုံတွေ့ရတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ဘေးအန္တရာယ်နဲ့ ကံကြမ္မာဆိုင်ရာ အခက်အခဲတွေအတွက်တော့ နတ်တွေကို ပူဇော်ပသကြတဲ့ ယုံကြည်မှုပုံစံတစ်ခု ဖြစ်လာခဲ့ပါတယ်။

မြန်မာ့ရာဇဝင်တွေထဲမှာလည်း နတ်တွေဟာ လူတွေရဲ့ဘဝနဲ့ ကင်းကွာနေတဲ့အရာတွေမဟုတ်ဘဲ စစ်ပွဲတွေမှာ မြန်မာဘုရင်တွေရဲ့ဘက်က ဝင်ရောက် တိုက်ခိုက်ပေးတာ၊ စစ်ပွဲတွေမှာ အကူအညီပေးတာ မျိုးတွေ ရေးသားဖော်ပြထားတာတွေ ရှိပါတယ်။





အင်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့ ရိုးရာယုံကြည်မှု တွေမှာလည်း ဒီလိုပဲ နတ်တွေဟာ လူတွေရဲ့နေ့စဉ်ဘဝနဲ့ နီးနီးကပ်ကပ် ရှိနေတယ်လို့ ယုံကြည်ကြပါတယ်။

"ကျွန်တော်က သိပ်ပံဘွဲ့ရပါ။ အယူသီးတယ်လို့ ပြောချင်လည်း ပြောနိုင်ပါတယ်။ ဒါပေမယ့် ရေထဲဆင်းပြီး အလုပ်လုပ်မယ်ဆိုရင်တော့ ရိုးရာအတိုင်း နတ်တင်မြှောက်ပြီးမှ သွားကြတာပါဘဲ" လို့ အင်းသားကြီး ဦးကျော်ကျော်က ပြောပြပါတယ်။

တချို့အင်းသားကြီးတွေက အစိမ်းနတ်၊ သရဲကြီးတွေကို မွေးထားပြီး ငါးဖမ်းခိုင်းတယ်ဆိုတဲ့ အကြောင်း တွေ၊ ငါးအုပ်တွေကို မမြင်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးက မောင်းနှင်ပေးလို့ အင်းတွေနဲ့ လျှောဆည်တွေဆီ ငါးတွေ ရောက်လာတယ်ဆိုတဲ့ ပါးစပ်ရာဇဝင်တွေ ရှိခဲ့ပါတယ်။

အဲဒီလိုပဲ အင်းထဲက ငါးတွေကို ခိုးယူဖမ်းဆီးတဲ့သူတွေကို မမြင်ရတဲ့ အရာတွေက ခြောက်လှန့်အပြစ်ပေးတယ်ဆိုတဲ့ ပြောစကားတွေလည်း ရှိကြပါတယ်။

ဒီလိုဇာတ်လမ်းတွေဟာ အမှန်တကယ် ဖြစ်ပျက်ခဲ့တယ်ဆိုတာထက် အင်းနဲ့ရေလုပ်ငန်းခွင်အပေါ် လူတွေဘယ်လောက်အထိ ယုံကြည်မှုတွေ ထည့်သွင်းထားကြသလဲဆိုတာကို ပြသနေတဲ့ ရိုးရာပါးစပ်ရာဇဝင်တွေလည်း ဖြစ်ပါတယ်။

ရေပြင်ပေါ်မှာ လှေတွေ၊ လျှောဆည်တွေ၊ ငါးဖမ်းပိုက်တွေကို မြင်တွေ့ရပေမယ့် အဲဒီရေပြင်အောက်မှာတော့ မျိုးဆက်တစ်ဆက်ကနေ တစ်ဆက် လက်ဆင့်ကမ်းလာတဲ့ ယုံကြည်မှုတွေ၊ ရိုးရာဓလေ့တွေနဲ့ မမြင်ရတဲ့ နတ်လောကအပေါ် အားကိုးယုံကြည်မှု တွေကလည်း တိတ်တဆိတ် ရှင်သန်နေဆဲ ဖြစ်ပါတယ်။

